# Shopping with your eWIC Card

# Burmese

## မေးစရာများရှိပါသလား။

### WIC ဆေးခန်းကို ဘယ်အချိန်မှာ ခေါ်ဆိုရမလဲ

- သင့် WIC အကျိုးခံစားခွင့်များအကြောင်း သင်၌မေးစရာများ ရှိလျှင်။
- အကျိုးခံစားခွင့်အသစ်များထုတ်ပေးရေးအတွက် ရက်ချိန်းတစ်ခု စီစဉ်ရန် လိုလျှင်။
- WIC အစာတစ်ခုကို သင်မဝယ်နိုင်လျှင်။

### eWIC စားသုံးသူဝန်ဆောင်မှုဌာနသို့ မည်သည့်အချိန် ဖုန်းဆက်ရမည်နည်း

- သင့်ကတ် ပျောက်ဆုံး၊ ခိုးယူခံရ သို့မဟုတ် ပျက်စီးသွားသည့်အခါ
- သင်၏ PIN ကို အသစ်ပြန်လုပ်ရန် သို့မဟုတ် ပြန်ဖွင့်ရန် လိုပါက။
- သင်၏ငွေလက်ခံဖြတ်ပိုင်းသည် သင်ဝယ်သည့်အရာနှင့် မကိုက်ဟု သင်ထင်ပါက။




ဤအဖွဲ့အစည်းသည် တန်းတူအခွင့်အရေးပေးသော အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ ပြည်သူ့ ရပိုင်ခွင့်များဆိုင်ရာ ဥပဒေနှင့် အမေရိကန်ပြည်ထောင်စု စိုက်ပျိုးရေးဝန်ကြီးဌာန (USDA) ပြည်သူ့ ရပိုင်ခွင့်များဆိုင်ရာ စည်းမျဉ်းများနှင့် မူဝါဒများအရ USDA ၊ ၎င်း၏ အဖွဲ့အစည်းများ၊ ရုံးများနှင့် အမှုထမ်းများနှင့်တကွ USDA အစီအစဉ်များအတွင်း ပါဝင်လျက်ရှိသော သို့မဟုတ် စီမံအုပ်ချုပ်လျက်ရှိသော အဖွဲ့အစည်းများအား လူမျိုး၊ အသားအရောင်၊ မူလနိုင်ငံ၊ လိင်၊ မသန်စွမ်းမှု၊ အသက်အရွယ်တို့အပေါ်အခြေခံ၍ ခွဲခြားဆက်ဆံခြင်း မပြုရန်၊ သို့မဟုတ် USDA မှ ပြုလုပ်သော သို့မဟုတ် ငွေကြေးမတည်သော မည်သည့်အစီအစဉ် သို့မဟုတ် လုပ်ဆောင်ချက်၌မဆို ပြည်သူ့ ရပိုင်ခွင့်ဆိုင်ရာလုပ်ဆောင်ချက်များအတွက် လက်တုံ့ပြန်ခြင်း သို့မဟုတ် လက်စားချေခြင်း တစ်စုံတစ်ရာ ပြုလုပ်ခြင်းတို့မှ တားမြစ်သည်။ အစီအစဉ်ဆိုင်ရာ အချက်အလက်များအတွက် (ဥပမာ မျက်မမြင်စာ၊ ပုံနှိပ်စာအကြီး၊ အသံသွင်းတိပ်ခွေ၊ အမေရိကန် သင်္ကေတပြဘာသာစကား အစရှိသည့်) အခြားဆက်သွယ်မှုနည်းလမ်းများကို လိုအပ်သည့် မသန်စွမ်းသူများသည် ၎င်းတို့အကျိုးခံစားခွင့်များလျှောက်သည့် (ပြည်နယ် သို့မဟုတ် ဒေသဆိုင်ရာ) အဖွဲ့အစည်းကို ဆက်သွယ်သင့်သည်။ နားမကြားသူများ၊ ကြားရန်အခက်အခဲရှိသူများ သို့မဟုတ် စကားပြောဆိုရန် မစွမ်းဆောင်နိုင်သူများသည် USDA အား (ဗဟိုအစိုးရ လက်ဆင့်ကမ်း ဝန်ဆောင်မှုဌာန) Federal Relay Service ၏ (800) 877-8339 နံပါတ်မှ တစ်ဆင့် ဆက်သွယ်နိုင်သည်။ ထို့ပြင် အစီအစဉ်ဆိုင်ရာ အချက်အလက်များကို အင်္ဂလိပ်ဘာသာနှင့်သာမက အခြားဘာသာစကားများဖြင့်လည်း ရရှိနိုင်ပါသည်။ ဤအစီအစဉ်၌ခွဲခြားဆက်ဆံခံရခြင်းအားတိုင်ကြားရန်အတွက်အွန်လိုင်းhttp://www.ascr.usda.gov/complaint_filing_cust.html နှင့် မည်သည့် USDA ရုံးတွင်မဆို တွေ့နိုင်သည့် UDSA ခွဲခြားဆက်ဆံခံရခြင်းဆိုင်ရာ တိုင်ကြားမှုပုံစံကို ဖြည့်စွက်ပါ၊ သို့မဟုတ် USDA သို့ လိပ်မူ၍ စာတစ်စောင် ရေးပြီး ထိုစာ၌ ဤပုံစံတွင်တောင်းဆိုထားသော အချက်အလက်များအားလုံးကို ပေးပါ။ တိုင်ကြားမှုပုံစံမိတ္တူတောင်းဆိုရန် (866) 632-9992 သို့ ဖုန်းဆက်ပါ။ သင်ဖြည့်စွက်ထားသည့်ပုံစံ သို့မဟုတ် စာကို USDA သို့ အောက်ပါတို့မှတဆင့် တင်သွင်းပါ - (၁) စာပို့ရန် - U.S. Department of Agriculture, Office of the Assistant Secretary for Civil Rights ၊ 1400 Independence Avenue, SW, Washington, D.C. 20250-9410; (၂) ဖက်စ်ပေးပို့ရန် - (202) 690-7442၊ သို့မဟုတ် (၃) အီးမေးလ် -program.intake@usda.gov

Oregon Health Authority

WIC OREGON

**www.healthoregon.org/wic**

57-1002 BUR (11/2020)



# သင်၏ eWIC ကတ်ဖြင့် ဈေးဝယ်ခြင်း




WIC OREGON

ကျန်းမာရေးနှင့်ညီညွတ်သော အနာဂတ်များ ဖြစ်ထွန်းစေခြင်း

# Shopping with your eWIC Card

## Burmese



# Shopping with your eWIC Card
## Burmese

## WIC အကျိုးခံစားခွင့်များကို ကျွန်ုပ် မည်သို့ရယူရသနည်း။

- WIC သည် WIC အစီအစဉ်တွင် သင်ပါဝင်နေသည့် လတိုင်းအတွက် ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအစာ အကျိုးခံစားခွင့်များ ပေးပါသည်။

- တစ်ကြိမ်လျှင် သင့်ကို အစားအစာ အကျိုးခံစားခွင့် ၃ လစာ ထုတ်ပေးနိုင်ပါသည်။

- နောက်အကျိုးခံစားခွင့်များကို အလိုအလျောက် ထပ်ထည့်မည် မဟုတ်ပါ။ အကျိုးခံစားခွင့်များ ပိုမိုရရှိရန်အတွက် ညွှန်ကြားထားသည့်အတိုင်း WIC ရုံးကို ဆက်သွယ်ပါ။

- သင်၏ WIC အစားအစာ အကျိုးခံစားခွင့်များကို Oregon WIC ခွင့်ပြုချက်ရ မည်သည့် ကုန်စုံဆိုင်တွင်မဆို အသုံးပြုပါ။ WIC ဆေးခန်း၌ ဒေသန္တရဆိုင်များ စာရင်းတစ်စောင် တောင်းပါ။ ဆိုင်တစ်ဆိုင်ရှာရန်လည်း WICShopper App နှင့် Oregon WIC ဝက်ဘ်ဆိုက်တို့ကို အသုံးပြုနိုင်ပါသည်။

## ကျွန်ုပ်၏ တာဝန်များ

- သင်၏ WIC အစားအစာများ၊ ဖော်မြူလာ သို့မဟုတ် eWIC ကတ်ကို ရောင်းခြင်း၊ အလဲအလှယ်လုပ်ခြင်း၊ သို့မဟုတ် ပေးပစ်ခြင်း မည်သည့်အခါမျှ မပြုပါနှင့်။

- WIC အစားအစာများ သို့မဟုတ် ဖော်မြူလာများကို ငွေသား၊ ဆိုင်မှပေးသည့် အမှတ် သို့မဟုတ် အခြားပစ္စည်းများ ရရန်အတွက် ပြန်မပေးပါနှင့်။

- WIC နှင့် အရောင်းဆိုင်ဝန်ထမ်းများကို လေးစားစွာဆက်ဆံပါ။



# Shopping with your eWIC Card

## Burmese

## မဝယ်ခင်

- သင်၏အစားအစာအကျိုးခံစားခွင့် လက်ကျန်မည်မျှရှိသည်ကို ကြည့်ပါ-




- WICShopper App ကို သုံးပါ
- သင်၏နောက်ဆုံး WIC ဈေးဝယ်ငွေလက်ခံဖြတ်ပိုင်းတွင် ရိုက်နှိပ်ထားသည့် အစားအစာလက်ကျန်ကို ကြည့်ပါ။
- စားသုံးသူဝန်ဆောင်မှုဌာနသို့ အခမဲ့ ဖုန်းဆက်ပါ- **1-844-234-4946**
- သင်၏အစားအစာလက်ကျန်ကိုwww.ebtedge.com ဝဘ်ဆို**က်တွင် စစ်ဆေးပါ။**

- အစားအစာစာရင်းကို စစ်ဆေးပြီး ဝယ်ရမည့်စားအစာများကို စီစဉ်ပါ။




## ဈေးဝယ်စဉ်

- WIC ကခွင့်ပြုပြီး သင်၏လက်ရှိ အကျိုးခံစားခွင့်များတွင် ရှိသည့် အစာများကိုသာ သင်ဝယ်ယူနိုင်ပါသည်။
- မှန်ကန်သည့် ကုန်အမှတ်တံဆိပ်များ၊ အစာအမျိုးအစားနှင့် အရွယ်အစားများကို ရွေးချယ်ရာတွင် သင့်ကို အထောက်အကူပြုရန်အတွက် အစားအစာစာရင်း၊ WICShopper App နှင့် သင်၏အကျိုးခံစားခွင့် လက်ကျန်တို့ကို သုံးပါ။

## ငွေရှင်းသည့်အခါ

ပစ္စည်းတစ်စုံတစ်ခုကို WIC ကပေးသည့်အတိုင်း ငွေလက်မခံပါက ငွေကိုင်အား ထိုပစ္စည်းကို ဖယ်ရှားခိုင်းနိုင်သည်၊ သို့မဟုတ် အခြားနည်းတစ်မျိုးဖြင့် ၎င်းအတွက် ငွေပေးချေနိုင်သည်။

### WIC တွင် သင်သည် လူသစ်ဖြစ်လျှင်-

ငွေရှင်းသည့်လိုင်းတွင် သင်၏ WIC အစားအစာများကို သင်၏အခြား စားသောက်ကုန်များမှ သီးခြားခွဲရန် စဉ်းစားပါ။ ၎င်းနောက် သင်၏ WIC အစားအစာများအတွက် အရင် ငွေပေးချေပါ။ WIC ဈေးဝယ်ခြင်းနှင့် သင်နေသားကျသွားသည့်အခါ၊ ငွေရှင်းချိန်၌ WIC အစားအစာများကို သင်၏အခြား စားသောက်ကုန်များနှင့် ရောထားနိုင်သည်။

နောက်တစ်ကြိမ် သင် **WIC** ဈေးဝယ်သည့်အခါ သင်၌မည်သည့် အစာများ ကျန်နေသေးသည်ကို သိရန်၊ သို့မဟု**တ် သင်ဈေးဝယ်သွားစဉ် ပြဿနာများ ရှိခဲ့သော်အတွက် သင်၏ငွေလက်ခံဖြတ်ပိုင်းကို သိမ်းထားပါ။**

# Shopping with your eWIC Card

# Burmese

## သင်၏ငွေလက်ခံဖြတ်ပိုင်းကို ဖတ်ပုံ

ငွေလက်ခံဖြတ်ပိုင်းများသည် တစ်ဆိုင်နှင့်တစ်ဆိုင် အသွင်မတူဘဲ ရှိနိုင်ပါသည်။ ငွေလက်ခံဖြတ်ပိုင်းအများစုတွင် ဤအပိုင်းများရှိပါသည်။

**WIC အစပိုင်း အကျိုးခံစားခွင့် လက်ကျန်**

သင့်ကတ်ပြားကို ဖြတ်ပြီးနောက် ဆိုင်အများစုက သင်ဈေးဝယ် သွားသည့်အခါတွင် အစ၌ ရှိသည့်အကျိုးခံစားခွင့်များ ပြသည့် ငွေလက်ခံဖြတ်ပိုင်းကို ပုံနှိပ်ပါသည်။ သင်ဝယ်ဖို့ကြိုးစားနေသည့် အစာတစ်ခုနှင့် ပတ်သက်၍ ပြဿနာရှိပါက သင်၌ ဤအစားအစာ အကျိုးခံစားခွင့် ရှိမရှိကြည့်ရန် ဤအပိုင်းကို သုံးပါ။

**WIC အကျိုးခံစားခွင့် ရယူခြင်း**

ဤသည်တို့မှာ သင်ဝယ်ရန်စီစဉ်နေသည့် WIC အစားအစာများ ဖြစ်သည်။ ငွေကိုင်သည် ခွင့်မပြုမီ သင့်အား ဤအပိုင်းကို စစ်ဆေးခိုင်းပါမည်။ သင်ဝယ်ဖို့ကြိုးစားနေသည့် အစာအားလုံး စာရင်းတွင် ပါရှိကြောင်း သေချာအောင်လုပ်ပါ။

**WIC အကျိုးခံစားခွင့် နောက်ဆုံးလက်ကျန်**

ဝယ်ပြီးနောက် ကျန်ရှိသည့် eWIC အကျိုးခံစားခွင့် လက်ကျန်။

**WIC အကျိုးခံစားခွင့် သက်တမ်းကုန်သည့် ရက်စွဲ**

ငွေလက်ခံဖြတ်ပိုင်းတိုင်းတွင် သင့်လက်ရှိအကျိုးခံစားခွင့်များ သက်တမ်းကုန်သည့် လကို သတိပေးသည့်အချက်တစ်ခု ရှိပါသည်။ လတိုင်း သင့် WIC အစားအစာများ သက်တမ်းကုန်သည့်လ၏ နောက်ဆုံးနေ့ သန်းခေါင်ချိန် နောက်ဆုံးထား၍ အစားအစာများ ဝယ်ပါ။

## သင်၏ငွေလက်ခံဖြတ်ပိုင်းကို ဖတ်ပုံ

WIC Benefit Balance Before Purchase

| | | |
|---|---|---|
| 1.00 | lb | Cheese |
| 2.00 | doz | Eggs - large |
| 36.00 | oz | Cereal - hot/cold |
| 1.00 | ctr | Peanut Butter/beans |
| 32.00 | oz | Whole grains |
| 9.00 | $$ | Fruit and vegetables |
| 1.00 | can | Sim Adv PWD 12.4 oz |
| 1.00 | ctr | Low or nonfat yogurt |
| 3.00 | gal | Fat free or 1% milk |
| 2.00 | ctr | 64 oz bottle juice |

WIC Items for Redemption

| | | |
|---|---|---|
| 18.00 | oz | G/MILLS CEREAL |
| 16.00 | oz | JIF PEANUT BUTTER |
| 32.00 | oz | MAHATMA RICE |
| 1.18 | $$ | ORANGES, NAVEL |
| 1.98 | $$ | SPRING MIX |

WIC Benefit Ending Balance

| | | |
|---|---|---|
| 1.00 | lb | Cheese |
| 2.00 | doz | Eggs - large |
| 18.00 | oz | Cereal - hot/cold |
| 5.84 | $$ | Fruit and vegetables |
| 1.00 | can | Sim Adv PWD 12.4 oz |
| 1.00 | ctr | Low or nonfat yogurt |
| 3.00 | gal | Fat free or 1% milk |
| 2.00 | ctr | 64 oz bottle juice |

WIC Benefits Expire on 9-30-2020

# Shopping with your eWIC Card

# Burmese

## အစားအစာများဝယ်ရန် အကြံပြုချက်များ

### အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များ ဝယ်ခြင်း




လတ်ဆတ်သည့်၊ အေးခဲထားသည့်၊ သို့မဟုတ် ဘူးထဲမှ အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များ ဝယ်ရန် WIC မှ သင့်အား ဒေါ်လာပမာဏတစ်ရပ် ပေးပါသည်။

အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များကို အလေးချိန်အလိုက် ရောင်းလျှင် သင်ဝယ်ယူသည့်အခါ အထောက်အကူပြုရန် WICShopper App သို့မဟုတ် သင်၏ဂဏန်းပေါင်းစက်ကို သုံးပါ။

**ဥပမာ-**

သင်၌ $၉.၀၀ ရှိသည်။ သင်က ပန်းသီးများ ဝယ်ချင်သည်။ ပန်းသီးများက တစ်ပေါင်လျှင် $၁.၅၀ ပေးရသည်။

WICShopper App တွင် ဤသို့တွေ့ရလိမ့်မည်-




ဆိုင်ကချိန်ခွင်ကိုသုံး၍ ပန်းသီးတစ်အိတ်တွင် ၂.၅ ပေါင်ရှိသည်ကို သင်တွေ့နိုင်သည်။

WICShopper App သို့မဟုတ် ဂဏန်းပေါင်းစက်ကိုသုံး၍ အောက်ပါကို ရိုက်နှိပ်ပါ- ၂.၅ x ၁.၅ = **သင့်ပန်းသီးများအတွက် $၃.၇၅ ပေးရပါမည်။**

## အစားအစာများဝယ်ရန် အကြံပြုချက်များ

### လုံးတီးကောက်နံ့များ ဝယ်ခြင်း

အောက်ပါလုံးတီးကောက်နံ့များမှ သင်ရွေးချယ်နိုင်သည်-

- ၁၀၀% ဂျုံကြမ်းပေါင်မုန့်
- ပြောင်းနတော်တီးယား
- လုံးတီးဂျုံတော်တီးယား
- ဂျုံကြမ်းပါစတာ
- အုတ်ဂျုံ
- ဆန်လုံးတီးညို
- ဘူလ်ဂါ

သင်၏လုံးတီးကောက်နံ့ အကျိုးခံစားခွင့်မှ အကျိုးကျေးဇူး အများဆုံး ရရှိရန် ၁၆ အောင်စ သို့မဟုတ် ၃၂ အောင်စ အထုပ်များဝယ်လျှင် အကောင်းဆုံး ဖြစ်သည်။

သင်သည် လုံးတီးကောက်နံ့ ၁၆ အောင်စ အကျိုးခံစားခွင့် ရပါက ၁၆ အောင်စထက် ပိုကြီးသည့် မည်သည့်အရာကိုမျှ မဝယ်နိုင်ပါ။

သင်သည် ၃၂ အောင်စ လုံးတီးကောက်နံ့များ ရပါက၊ ၃၂ အောင်စ ကောက်နံ့ တစ်မျိုး သို့မဟုတ် တစ်ထုပ်လျှင် ၁၆ အောင်စ ရှိသည့် ကောက်နံ့နှစ်မျိုးကို စုစုပေါင်း ၃၂ အောင်စအတွက် ဝယ်နိုင်သည်။




၁၆ အောင်စ

နှင့်




၁၆ အောင်စ

# Shopping with your eWIC Card

# Burmese

## အစားအစာများဝယ်ရန် အကြံပြုချက်များ

### နို့နှင့် ပဲနို့ဝယ်ခြင်း

| Remaining Balance (exp date 9-30-2020) | | |
|---|---|---|
| 3.50 | gal | Fat free or 1% milk |
| .75 | gal | Whole milk |
| 2.00 | ctr | Peanut butter/dry or canned beans |
| 40.00 | oz | Whole grains |
| 16.00 | $$ | Fruit and vegetables |
| 3.00 | ctr | Frozen juice 11.5 - 12 oz |
| 1.00 | ctr | Bottle Juice 64 oz |
| 1.00 | lb | Cheese |

ဥပမာ-

၁.၀၀ GAL သည်



ဂါလံဖြစ်သည်

၀.၇၅ GAL သည်



ဂါလံဝက်ဖြစ်သည်။ ကွတ်

၀.၅၀ GAL သည်



ဂါလံဝက်ဖြစ်သည်။

၀.၂၅ GAL သည်



ကွတ်

## အစားအစာများဝယ်ရန် အကြံပြုချက်များ

### ဒိန်ချဉ်ဝယ်ခြင်း





၁ CTR ဒိန်ချဉ်သည် ၃၂ အောင်စ ဖြစ်သည်။ (၂ ပေါင်)။

၃၂ အောင်စ (သို့မဟုတ် ၂ ပေါင်) ဘူးများသာ ဝယ်ပါ။

- အမျိုးသမီးများနှင့် အသက် ၂ နှစ်ကျော်ကလေးများသည် အဆီနည်း သို့မဟုတ် အဆီမဲ့ ဒိန်ချဉ် ရပါသည်။
- အသက် ၁ နှစ်နှင့် ၂ နှစ်ကြား ကလေးများသည် အဆီအပြည့်ပါနို့ ဒိန်ချဉ် ရပါသည်။

မှန်ကန်သည့် ကုန်အမှတ်တံဆိပ်နှင့် အရသာတို့ကို ရွေးရန် အစားအစာစာရင်း သို့မဟုတ် WICShopper ကို သုံးပါ။ သင်၏အကျိုးခံစားခွင့်စာရင်းတွင် မည်သည့်ဒိန်ချဉ်အမျိုးအစား ရှိသနည်း။



# Shopping with your eWIC Card

# Burmese

## အစားအစာများဝယ်ရန် အကြံပြုချက်များ

### မြေပဲထောပတ် နှင့် ပဲများ ဝယ်ယူခြင်း

| Remaining Balance (exp date 9-30-2020) | | |
|---|---|---|
| 3.50 | gal | Fat free or 1% milk |
| 1.00 | gal | Whole milk |
| 2.00 | ctr | Peanut butter/dry or canned beans |
| 40.00 | oz | Whole grains |
| 16.00 | $$ | Fruit and vegetables |
| 3.00 | ctr | Frozen juice 11.5 - 12 oz |
| 1.00 | ctr | Bottle Juice 64 oz |
| 1.00 | lb | Cheese |

၁.ဂဂ **CTR** ဖြင့် အောက်ပါတို့ကို ဝယ်နိုင်သည်




၁၆-၁၈ အောင်စ

၁၆ အောင်စ

### ဈေးဝယ်သည့်အခါအတွက် အကြံပြုချက်

သင်၌ အောက်ပါတစ်ခု ၂ CTR ရှိပါက ပဲအခြောက် သို့မဟုတ် ပဲစေ့ ၃၂ အောင်စ တစ်အိတ်ဝယ်နိုင်သည်။




၃၂ အောင်စ

| | | |
|---|---|---|
| 1.00 | gal | Whole milk |
| 2.00 | ctr | Peanut butter/beans |
| 2.00 | ctr | Dry beans or peas |
| 40.00 | oz | Whole grains |

သို့မဟုတ်

| | | |
|---|---|---|
| 1.00 | gal | Whole milk |
| 2.00 | ctr | Peanut butter/beans |
| 2.00 | ctr | Dry beans or peas |
| 40.00 | oz | Whole grains |

## အစားအစာများဝယ်ရန် အကြံပြုချက်များ

### ဆီရီယယ် ဝယ်ခြင်း

ပါဝင်သူအများစုသည် လစဉ် ဆီရီယယ် ၃၆ အောင်စ အကျိုးခံစားခွင့် ရသည်။

- ဝယ်ယူနိုင်သော အသေးဆုံး ဆီရီယယ်အရွယ်အစားမှာ ၁၁.၈ အောင်စ (ဆီရီယယ်အပူအတွက်) သို့မဟုတ် ၁၂ အောင်စ (ဆီရီယယ်အအေးအတွက်) ဖြစ်သည်။ သင်၌ ယခုလအတွက် ဆီရီယယ်ခံစားခွင့် ၁၁.၈ အောင်စအောက်သာ ကျန်လျှင် ၎င်းကို သင်အသုံးပြုနိုင်လိမ့်မည် မဟုတ်ပါ။
- သင်၏ဆီရီယယ်အားလုံးရကြောင်း သေချာစေရန် အကောင်းဆုံးနည်းမှာ ၁၂ အောင်စ၊ ၁၈ အောင်စ၊ ၂၄ အောင်စ သို့မဟုတ် ၃၆ အောင်စအရွယ် ဘူးများကို ဝယ်ရန်ဖြစ်သည်။


#### ဆီရီယယ်အထုပ် အရွယ်အစားများ ပေါင်းစပ်နိုင်ပုံ နမူနာများ





စုစုပေါင်း ၃၆ အောင်စ




စုစုပေါင်း ၃၆ အောင်စ




စုစုပေါင်း ၃၆ အောင်စ




စုစုပေါင်း ၃၅.၈ အောင်စ

# Shopping with your eWIC Card

# Burmese

## အစားအစာများဝယ်ရန် အကြံပြုချက်များ

### သစ်သီးရည် ဝယ်ယူခြင်း

အောက်ပါတို့ကို သိရှိရန် သင့်လက်ကျန်ကို စစ်ဆေးပါ -

- အေးခဲထားသည့် သို့မဟုတ် ပုလင်းဖြင့် သစ်သီးရည်ကို ဝယ်နိုင်ခြင်း ရှိမရှိ
- မည်သည့်အရွယ်အစားရှိသော သစ်သီးရည်ကို ဝယ်နိုင်မည်နည်း

| Remaining Balance (exp date 9-30-2020) | | |
|---|---|---|
| 3.50 | gal | Fat free or 1% milk |
| 1.00 | gal | Whole milk |
| 2.00 | ctr | Peanut butter/dry or canned beans |
| 40.00 | oz | Whole grains |
| 16.00 | $$ | Fruit and vegetables |
| 3.00 | ctr | Frozen juice 11.5 - 12 oz |
| 1.00 | ctr | Bottle Juice 64 oz |
| 1.00 | lb | Cheese |

၁.၀၀ **CTR** သည်-




၁၁.၅ - ၁၂ အောင်စ အေးခဲထားသည့်

| Remaining Balance (exp date 9-30-2020) | | |
|---|---|---|
| 3.50 | gal | Fat free or 1% milk |
| 1.00 | gal | Whole milk |
| 2.00 | ctr | Peanut butter/dry or canned beans |
| 40.00 | oz | Whole grains |
| 16.00 | $$ | Fruit and vegetables |
| 3.00 | ctr | Frozen juice 11.5 - 12 oz |
| 1.00 | ctr | Bottle Juice 64 oz |
| 1.00 | lb | Cheese |

၁.၀၀ **CTR** သည်-




အောင်စ ပလတ်စတစ်ပုလင်း

## PIN နှင့်ပတ်သက်သည့် အကြံပြုချက်များ

ဈေးဝယ်မသွားမီ (ကိုယ်ပိုင် လျှို့ဝှက်နံပါတ်) PIN အရင်ပြုလုပ်ပါ။ သင့်ကတ်ပြား၏ကျောဘက်ရှိ ဖုန်းနံပါတ်ကိုဆက်ပါ၊ ပြီးလျှင် သင်၏ PIN ပြုလုပ်ရန်အတွက် ညွှန်ကြားချက်များကို လိုက်နာပါ။

- သင့်ကတ်ပြားအတွက် WIC ဆေးခန်းကို ပေးသည့် မွေးနေ့သက္ကရာဇ်နှင့် လိပ်စာကိုပဲ အသုံးပြုပါ။ (မှတ်ချက်။ ။ ယင်းသည် သင့်ကလေး၏ မွေးနေ့သက္ကရာဇ် မဟုတ်ပါ)

- သင့်ကတ်ပြားကို ကိုင်ဆောင်သူ ဒုတိယတစ်ဦးရှိပါက ကတ်ပြားအတွက် PIN ကို ၎င်းတို့ ပြုလုပ်သည့်အခါ ၎င်းကိုယ်တိုင်၏ မွေးနေ့သက္ကရာဇ်နှင့် လိပ်စာကို သုံးရပါမည်။

သင်၏ PIN ကို လေးကြိမ် မှားထည့်ပြီးသည့်အခါ သင့် ကတ်ပြားကို ပိတ်လိုက်ပါမည်။ ဒုတိယ သို့မဟုတ် တတိယအကြိမ် ကြိုးစားပြီးနောက်တွင်တော့ သင်၏ PIN ကို အသစ်ပြန်လုပ်ရန် စဉ်းစားပါ။

သင်၏ PIN ကို အသစ်ပြန်လုပ်ရန် သင့်ကတ်ပြားကျောဘက်ရှိ ဖုန်းနံပါတ်ကို ဆက်ပါ၊ သို့မဟုတ် ဝက်ဘ်ဆိုက်ကို သွားပါ။ သင်၏ PIN ကို ပြန်ဖွင့်ရန် ကတ်ပြား၏ကျောဘက်တွင်ရှိ ဖုန်းနံပါတ်ကို ဆက်ပါ။



# Shopping with your eWIC Card

# Burmese

## မေးလေ့မေးထရှိသည့် မေးခွန်းများ

### ဤအရာကို ကျွန်ုပ်အဘယ်ကြောင့် မဝယ်နိုင်သနည်း။

ပစ္စည်းတစ်ခုသည် WIC အစားအစာအဖြစ် ငွေစာရင်းမဝင်ပါက -

- သင်၌ ၎င်းအစာအတွက် အကျိုးခံစားခွင့်များ အလုံအလောက် မရှိတော့ခြင်း ဖြစ်နိုင်ပါသည်။
- WIC အစားအစာစာရင်းတွင် ခွင့်ပြုထားသည့် ပစ္စည်းမဟုတ်ခြင်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။
- ယင်းသည် အကျုံးဝင်ပါက ယင်းကို WIC စနစ်တွင် ထည့်ရန် လိုအပ်နိုင်ပါသည်။ ထိုသို့ဖြစ်ပါက ငွေကိုင်က ပြောင်းလဲမပေးနိုင်ပါ၊ သို့မဟုတ် ထိုအစားအစာကို သင့်၏ WIC ကတ်ဖြင့် ဝယ်ယူခွင့်ပေး၍မရပါ။

### လာမည့် လများတွင်သုံးရန်အတွက် ကျွန်ုပ်၏အကျိုးခံစားခွင့်များကို ဖယ်ထား၍ ရပါသလား။

မရပါ၊ WIC အကျိုးခံစားခွင့်များကို လကုန်နောက်ဆုံးထား၍ သုံးရပါမည်။ သင်အသုံးမပြုပါက ၎င်းတို့ကို ဆုံးရှုံးသွားပါမည်။

### ကျွန်ုပ်မည်သည့်နေရာတွင် ဈေးဝယ်နိုင်သနည်း။

အော်ရီဂွန်တွင် WIC လက်ခံသည့် မည်သည့် ကုန်စုံဆိုင်၌မဆို သင် ဈေးဝယ်နိုင်ပါသည်။ ကုန်စုံဆိုင်များ မြေပုံတစ်ပုံကို WIC ဝက်ဘ်ဆိုက် သို့မဟုတ် WICShopper App တွင် တွေ့နိုင်ပါသည်။

### ဆိုင်ဖောက်သည်ကတ်ပြားတစ်ခု ကျွန်ုပ်သုံးနိုင်ပါသလား။

သင့်အနေဖြင့် WIC ဖြင့်ဈေးဝယ်သည့်အခါ ဆိုင်ဖောက်သည်ကတ်များ၊ တစ်ခုဝယ် တစ်ခုလက်ဆောင်ရ ပစ္စည်းများဝယ်ခြင်းနှင့် အခြားလျှော့ဈေးများကို အသုံးပြုခွင့်ပေးထားပါသည်။

### ဆိုင်၌ ကုန်ပစ္စည်းတစ်ခု ကုန်နေပါက ကျွန်ုပ်ဘာလုပ်နိုင်သနည်း။

နောက် WIC ဆိုင်တစ်ဆိုင်တွင် ထိုပစ္စည်းကို ဝယ်ပါ။ နောင်တစ်ချိန်တွင် ဂယ်ခြင်း၊ (ဆိုင်မှ နောင်တွင် ပေးစရာရှိခြင်း) IOU များနှင့် အစားထိုးခြင်းများကို ခွင့်မပြုပါ။

### eWIC ကတ်ပြားဖြင့် ဝယ်သည့်အစာတစ်ခုကို ပြန်ပေးနိုင်ပါသလား။

မပေးနိုင်ပါ။ eWIC ကတ်ပြားဖြင့်ဝယ်သည့် အစာများကို ပြန်ပေးခြင်း သို့မဟုတ် ငွေ၊ ဆိုင်၏လက်ဆောင်ကတ်ပြား သို့မဟုတ် ပစ္စည်းများဖြင့် လဲလှယ်ခြင်း မပြုနိုင်ပါ။ WIC အစားအစာများကို ပြန်အပ်ရန် အမိန့်ထုတ်ထားပါက သို့မဟုတ် သင်ဝယ်သည့်အချိန်၌ ထိခိုက်နေပါက သို့မဟုတ် သက်တမ်းကုန်နေပါက ပြန်ပေးနိုင်ပါသည်။

### ကျွန်ုပ်၏ WIC အစားအစာအတွက် မတော်တဆ ကျွန်ုပ်၏ ပိုက်ဆံဖြင့် သို့မဟုတ် Oregon Trail ကတ်ပြား သုံး၍ ပေးမိခဲ့သည်။ ကျွန်ုပ် ထိုအစားအစာကို ပြန်ပေးနိုင်ပါသလား။

ဟုတ်ကဲ့။ သင်၏ eWIC card ကတ်ပြားဖြင့် မပေးပါက ဆိုင်အများစုသည် ငွေလက်ခံဖြတ်ပိုင်းဖြင့် ပစ္စည်းများ ပြန်ပေးခြင်းကို လက်ခံပါသည်။

